

လုံးချင်းဝတ္ထုသစ်
ပန်းသီရှင်
ချစ်ခြင်းရာသီ

"ချစ်ခြင်းရာသီ"

ရက်သုံးဆယ်မှာ စက်တင်ဘာ

ပြေ ဖွန်နဲ့ နိုဝင်ဘာ

နင့်ကို မမေ့ပါ။

ကျန်လများမှာ သုံးဆယ့်တစ်

ဖေဖော်ဝါရီ နှစ်ဆယ့်ရှစ်

နင့်ကို ငါတကယ်ချစ်...

ရက်ထပ်နှစ်မှာ တစ်ရက်တိုး

ဖေဖော်ဝါရီ နှစ်ဆယ့်ကိုး

အချစ်တွေ ဖြိုးသထက်ဖြိုး

"မောင်" ဆိုတဲ့ မင်းရဲ့ ခေါ်သံ

ဆိတ်သုန်း ပျောက်ကွယ်သွားခဲ့တဲ့ နေ့ကစပြီး

ကိုယ့်ကမ္ဘာကြီးထဲမှာ

'အချစ်' ဆိုတာ မရှိတော့ဘူး

**"လင်းလွန်းနေလရောင်"**

ရင်ဘတ်ထဲမှာ ပြည့်လျှံနေပြီမို့

"မောင်" လို့ နောက်တကျော့

ခေါ်ခွင့်ပြုပါ

**"ရှင်းဝက်ဘာ"**

"မောင်"

"မောင်"

"မောင်ရေ"

"မောင်..."

ခေါ်ရင်း ခေါ်ရင်း ဝက်ဘာ အသံက စူးကျယ်လာ၏။ ရင်ထဲမှာ လေးပင်မွန်းကျပ်နေပါသည် ။

မောင်က ဘယ်လောက်ပဲ ခေါ်ခေါ် လှည့်မကြည့်၊ မဟော်ဂနီရောင်ကုတ်ရှည်ကြီးတစ်ထည် ဝတ်ကာ ကောင်းဘွိုင်ဦးထုပ်တစ်လုံးကို ဆောင်းထားပြီး ငိုက်စိုက်စိုက်ရှေ့ကိုသာ ဆက်သွားနေပါ သည် ။

ဆက်တိုက်အော်နေပေမယ့် မောင်လုံးဝမကြား။

မဖြစ်တော့ပါ။ ဝက်ဘာ ပြေးလိုက်မိသည် ။

နှုတ်ကလည်း အဆက်မပြတ်ခေါ်သည် ။

တဖွဖွခေါ်သည် ။

မောင် ဘာလို့ မကြားတာလဲ။ လှည့်မကြည့်တာလဲ။ လျှောက်သွားနေသော မောင့်ကို ဝက်ဘာ သေချာမြင်ရသည် ။ သဲသဲကွဲကွဲ တွေ့ရသည် ။

အဝေးကြီးမဟုတ်။

အလှမ်းကြီးမဟုတ်။

ဝက်ဘာ စီးထားသော ဘွတ်ရှူးဖိနပ်ကို ချွတ်ပစ်လိုက်၏။

ဖိနပ်ကြောင့် များ မောင့်ဆီရောက်ဖို့ ခဲယဉ်းနေတာလားမသိ။

ခြေဖဝါးနုနုမှာ သဲပြင်အေးအေး၏ အတွေ့အထိကို ခံစားရသည် ။ သဲမှုန်တွေက ရေစိုထားသည် ။

"မောင်"

ဝက်ဘာ အသံကုန်အော်မိ၏။

မောင်က ခြေစုံရပ်လိုက်သည် ။

သည် ဘက်က အသံကုန်အော်မှ မောင့်ဘက်က တိုးသဲ့သဲ့ ကြားရသည် ထင်။

"မောင်"

ထပ်တစ်ခွန်းအော်ခေါ်တော့မှ  မောင်က လှည့်ကြည့်လာ၏။

ဝက်ဘာကို မောင် မြင်ပါရဲ့ လားမသိ။

"မောင်"

မောင့် ရှေ့ကို ပြေးသွားကာ ပင်ပန်းမောဟိုက်စွာ ဒူးထောက်ထိုင်ချမိသည် ။

ကြည့်စမ်းပါဦး။

ချစ်သူမျက်နှာက ပြည့်နေသော လဝန်းကြီးကို ကြည့်ရသလို ရင်ကို အေးမြချမ်း မြေ့စေလိုက်တာ...

"ခေါ်နေတာကြာပြီမောင်ရဲ့ ..."

"မင်းကို ငါမတွေ့ဘူး"

"ဟုတ်တယ်လေ ... တူတူပုန်းတမ်းကစားနေတာလေ"

"မင်းက တမင်ပုန်းနေတာပေါ့"

"တူတူပုန်တမ်းကစားတာ မပုန်းရဘူးလားမောင်"

"အော်...အော် မင်းက ငါ့ကို နောက်ပြောင်နေတာကိုး"

"မောင် ပြောပုံက စိတ်ဆိုးသလိုပဲ"

"ငါတစ်ခါမှ မင်းကို မစခဲ့ဘူး စတတ်တာလည်း ငါမကြိုက်ဘူး ဘယ်သူက တူတူပုန်းတမ်း ကစားမယ်လို့ စိန်ခေါ်ခဲ့လို့ လဲ"

"မောင်ရယ် စိတ်မဆိုးပါနဲ့ နော်၊ ပြေးလိုက်လာရတာ မောလှပြီ၊ မောင်က လုံးဝလှည့်မကြည့်ဘူး"

"မင်းကို စိတ်နာတယ် လှည့်မကြည့်ချင်ဘူး"

"ဒါဆို ကြားတာပေါ့နော်"

"ကြားသားပဲ"

"ရက်စက်လိုက်တာ မောင်ရယ်"

ရင်ထဲမှာ အလွန်အမင်း ဝမ်းနည်းကြေကွဲသွားမိသည် ။

"နှစ်ယောက်စလုံးပျော်အောင် ကစားမိတာပါမောင်ရယ်"

မောင်က ခွင့်မလွှတ်နိုင်သလိုပြုံး၏။ မောင့်အပြုံးက ကြောက်စရာကောင်းအောင် အေးစက်နေပါသည် ။ ဝက်ဘာ့ကို တစ်သက်လုံးထားခဲ့တော့မလို အပြုံး။ နှုတ်ဆက်ပြုံး၊ စိမ်းကားပြုံး။

"ဝက်ဘာ့ကို မချစ်တော့ဘူးလားဟင်"

"အင်း... ချစ်လို့ မရတာ မင်းနာမည် မာယာများ တဲ့ နာမည်၊ မင်းက ဝက်ဘာလို မိန်းမ၊ ငါက မျက်စိလည် လမ်းမှားမှာ မဟုတ်ဘူး "

သူစိမ်းဆန်သော စကားများက ရင့်ရင့်သီးသီး။ မှားသွားခဲ့ပြီလား။ တူတူပုန်းတမ်း ကစားမိတာ မှားသွားပြီလား။ ဒါမှ မဟုတ် မောင့်ကို ချစ်ခဲ့တာ မှားသွားပြီလား။

မောင်နှင့် သူမကြားမှာ နားလည်မှုက ဇီးရိုး(သုည) ဖြစ်နေပါသည် ။ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့ကာ ခွင့်မလွှတ်နိုင်အောင် ဖွဲ့ယူရက်သည် ။

သဘောထားသေးလွန်းတယ် မောင်...ဝက်ဘာ မောင့်ရှေ့က တစ်သက်လုံးပျောက်သွားမှ မောင် ကျေနပ်မှာ လား။

"သွားမယ်၊ မလိုက်လာနဲ့ တော့ နေရစ်ခဲ့ပါ"

မောင့် နှုတ်ခမ်းအစုံကို ငေးကြည့်ကာ ဝက်ဘာ ရင်မောစွာ ကျန်ရစ်သည် ။ ကုတ်ရှည်တဖားဖားနှင့် မောင့်သဏ္ဍာန်က ဝေး၍ ဝေး၍ သွား၏ ။ နောက်တော့မှ သတိဝင်သည် ။

မောင့်ကို ထပ်တောင်းပန်ဦးမည်။ ဒုတိယအကြိမ် ကြိုးစားအုံးမည်။ မောင် ခွင့်လွှတ်ရင်လည်း လွှတ်မှာ ပါ။ လက်မလျှော့ချင်။

"မောင်...မောင်...ခဏနေပါဦး"

မောင် ဘယ်ရောက်သွားပါလိမ့်။ မောင့်အရိပ်ပင် မတွေ့ရတော့ပါလား။ ဝက်ဘာ ဘာလုပ်ရမလဲ။

"မောင်...ဝက်ဘာ မဟုတ်ပါဘူး၊ ရှင်းပါ၊ မောင့်ရဲ့ ရှင်းလေ... မောင်

လှည့်ကြည့်ပါဦး၊ ရှင်းကို မထားရစ်ခဲ့နဲ့ မောင်ရယ်၊ မောင် မရှိရင် ရှင်း မနေတတ်လို့ ပါ"

"ဝင်္ကဘာ...ဝင်္ကဘာ...ဘာတွေ ယောင်နေတာလဲ၊ မိုးလင်းနေပြီ၊ ထတော့လေ။ ဒီနေ့ ရှူတင်ရှိတယ် မဟုတ်လား"

"အင်း"

ချိုက ညင်ညင်သာသာ နှိုးနေတာမို့ ဝင်္ကဘာ နိုးလာခဲ့ပါသည် ။ စောစောစီးစီး မောင့်ကို အိပ်မက်မက်သည် ။

အိပ်မက်မက်လိုက်တိုင်း ဝင်္ကဘာအမြဲ ရှုံးသည် ။

အမြဲ ငိုရသည် ။ အပြင်မှာ နှင့် ဆန့်ကျင်ဘက်။

ဟိုတုန်းကတော့ မောင်က ဝင်္ကဘာ့ကို အမြဲအလျှော့ပေးပြီး ချစ်ခဲ့သည် ။ အလိုလိုက်ခဲ့သည် ။

ဝေးသွားကြချိန်အထိပါပဲ။ အခုတစ်ဖန် ပြန်တွေ့ရလျှင်တော့ မောင်က ဟိုတုန်းကလိုပဲ အရှုံးပေး လိုက်လျော ချစ်ခင်ဦးမှာ ပဲလား။

ပြန်တွေ့ကြရအောင် မောင်ရယ်။ မောင်နဲ့ ပြန်တွေ့ပါရစေ။ ဝင်္ကဘာကို ထပ်တစ်ကြိမ် အခွင့်အရေးပေးပါ။

သည် တစ်ခါ ဝင်္ကဘာ မောင့်အချစ်ကို တန်ဖိုးထားပြီး မောင့်ကို ထာဝရ မြတ်နိုးပါ့မယ်။

"ချို"

"ဟင်"

"ငါ မောင့်ကို အိပ်မက်မက်တယ်"

"မက်ပြန်ပြီလား"

"အင်း"

ချိုက သက်ပြင်းရှိုက်သည် ။ အိပ်ရာနိုးနိုးချင်း ငုတ်တုတ်ကလေး ထိုင်ပြီး ချစ်သူ့အကြောင်း ပြောနေပုံက ကရုဏာ သက်ချင်စရာ။

ဝင်္ကဘာက 'လင်းလွန်းနေ'ကိုပဲ တမ်းတနေရှာသည် ။ ဟိုလူကဖြင့် ဘယ်ရောက်ပြီး ဘာတွေဖြစ်နေပြီလည်း မသိ။

"ဝင်္ကဘာ"

"နင်ကအခုဆို နာမည်ရ လာပြီ။ ဝင်္ကဘာဆိုတဲ့ နာမည်လည်း သူသိနေတာပဲ။ တမင် မဆက်သွယ်တာ"

ချို့စကားကို ဝင်္ကဘာက ခေါင်းညိတ်သည် ။ ဆက်သွယ်မလား။ သူ့မေတ္တာတွေကို ဝင်္ကဘာက စော်ကားနင်းခြေခဲ့သည် ။ သူ့စိတ်နာနေရောပေါ့။ အချစ်ကြီးရင် အမျက်ကြီးသတဲ့ လေ။

"ကဲပါ...ထတော့၊ နင် စောစောသွားရမှာ ဆို"

"အင်း"

"ဩော်..ဟိုအင်္ကျီအဖြူ မီးပူတိုက်ပေးထားတယ်"

ချိုက မမေ့မလျော့ ပြောလာ၏။

"ပူစူးရေ...အဲဒီအင်္ကျီအဖြူကို ချိတ်မှာ ပဲ ပလတ်စတစ်အုပ်ပြီး ကားထဲသွားချိတ်လိုက်၊ မခေါက်နဲ့ ကြေသွားမယ်၊ ပြီးရင် ဟပ်ရှူးပန်းရောက်ကလေး ယူလာခဲ့။ ကြိုးသိုင်းက အသားရောင်၊ ဟိုးတစ်နေ့က ဝယ်လာတာနော်၊ ခွာချွန်နဲ့ အရှေ့က ရှူးပုံစံ"

"ဟုတ်ကဲ့"

ပူစူးက တော်တော်အားကိုးရသည် ။ သွက်သွက်လက်လက်နှင့် ဘာ

မဆို ဖြည့်ဆည်း လုပ်ကိုင်ပေးဖို့ အဆင်သင့်။

"မမဝက်ဘာက အိပ်ရာထလည်း ချောတာပဲ"

"အေးပါ... ငါနင့်ကို မုန့်ဝယ်ကျွေးပါ့မယ် ပူစူးရယ်"

ဝက်ဘာ ရေချိုးခန်းဝင်သည် ။ အချိန်ဖြုန်းလို့ မရ။

အိပ်ရာနိုးတာနှင့် ဆက်တိုက်ဆက်တိုက် အလုပ်များ တော့တာ။

"ဒေါ်လေးရေ"

"အေး"

"သမီး ပန်းပင်လေးတွေ ရေလောင်းပေး၊ ဒီနေ့ နောက်ကျနေပြီ ဒေါ်လေးရဲ့ " ဟု သတိပေးသောအခါ

"နောက်မကျတဲ့ နေ့ ရှိလို့ လား" ဟု ပြန်မေးခံရသည် ။

"ချိုရေ...ငါ့ကို အဝတ်တွေ ဝိုင်းကူထည့်ပေးပါဦး၊ နင်လည်း မြန်မြန်လုပ်နော်၊ ဒါရိုက်တာက စောစောလာဖို့ မှာ လိုက်တာဟဲ့"

"ဖြန်ပြန်ပြီ၊ မနက်လည်း အေးအေးမနေရ၊ ညလည်း ဝဝမအိပ်ရ၊ ဒီနေ့ညရော စောစောပြီးမှာ လား"

"ချိုရယ် ခုမှ မနက်လင်းတာ၊ ညကိစ္စခေါင်းထဲ မထည့်ပါနဲ့ အုံး။ အဝေးကြီး လိုသေးတယ်"

ဝက်ဘာက ဦးထုပ်တွေ ချိတ်ထားသော တန်းဆီ လျှောက်လာကာ ဘယ်ဦးထုပ်ယူရင် ကောင်းမလဲ ရွေးနေမိ၏။ ပဝါလည်း ယူရဦးမည်။

သူ့နေရာနှင့် သူ ဒေါ်လေးက စနစ်တကျ ရှင်းပေးထားလို့ တော်သေးသည် ။

"ဝက်ဘာ"

"ဟင်"

"(.......) ကုမ္ပဏီက ဖဲကြိုးဖြတ်ပေးဖို့ ဖွင့်ပွဲအတွက် ဖိတ်ထားတယ် မဟုတ်လား"

"အင်း"

"အဲဒါ ဘာဝတ်မှာ လဲ"

ဝက်ဘာ စဉ်းစားမနေဘဲ....

"ဟိုနေ့က ဝယ်လာတဲ့ နက်ပြာအင်္ကျီ ပုံဆန်းကလေး အဲဒါပဲ ဝတ်မယ်"

"သြော်...လက်ကလေးကို သပ်သပ်စွပ်ရတဲ့ အင်္ကျီကလေးလား... သိပြီ"

"ဘောင်းဘီရှည်အနက်ကလေး၊ စကဒ်ဘောင်းဘီလေ၊ ခါးမှာ နက်ပြာပါးပါးလေး ဖဲကြိုးချည်တာ ပါတယ်လေ၊ ဟိုတလောက ဒဂုံစင်တာက ဝယ်တာလေ"

"အင်း"

"အဲဒါလေး ဝတ်မယ်၊ ဂျင်းစကဒ် အနားချွန်လေးလည်း ထည့်လား၊ အဲဒါက ကြော်ငြာအတွက်"

ချိုက ခေါင်းတညိတ်ညိတ်နှင့် ကူညီ၏။

"ကျေးဇူးပဲဟယ်၊ နင်ရှိလို့ "

"အေးလေ၊ ဒါတော့ သိတယ် မဆိုးပါဘူး"

"ဒေါ်လေးရော ချိုရော၊ ပူစူးပါ ပင်ပန်းတာ သိပါတယ်"

ဝက်ဘာ တခစ်ခစ် ရယ်လိုက်၏။ ကိုယ့်ဘဝကြီးက တစ်ခါတလေတော့လည်း ပြည့်စုံသလိုပါ။ ကျေနပ်စရာ ကောင်းသည် ။

ရင်ထဲက နှလုံးသားလေး လစ်ဟာအဖော်မဲ့နေတာ တစ်ခုပဲ။ လင်းလွန်းရယ်။

နင့်နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးလို့ မရဘူးဆိုတာ နင်နဲ့ဝေးသွားပြီးမှ တစ်စတစ်စ ငါ နားလည်ခဲ့ပါတယ်၊ ဒီတစ်ခါ နင့်ကို ငါ လျှာဖျားလေးနဲ့ တမ်းတနေတာ မဟုတ်ပါဘူး၊ လှိုက်လှိုက်လှဲလှဲ ခေါ်နေမိတာပါ။

ဒီတစ်ခါ မောင်လို့ ခေါ်သံဟာ ရင်ထဲက လာတာပါ။ ငါ ခေါ်နေတာကြားရင် နင် ငါ့ဆီလာပါလား မောင်ရယ်။ ပြတ်တောက်နေတဲ့ ဓာတ်လမ်းကို ပြန်ဆက်ကြရအောင်။

အရမ်းလဲ ငါ မျှော်လင့်နေမိတယ်။ ငါ ဘယ်လောက်ထိ ရူးနေသလဲ သိလား မောင်...

ပုလဲလက်စွပ်ကလေးတစ်ကွင်း မချွတ်တမ်းဝတ်ထားမိတယ်၊ ပုလဲလေးဟာ ပြတ်တောက် ဝေးကွာနေတာကို ပြန်ဆက်ပေးနိုင်တယ်လို့ ငါ ကြားမိလို့ ပဲ...

ငါ့ဘဝထဲကို နင်ပြန်ရောက်လာဖို့ ငါအရမ်းမျှော်လင့်နေတယ် မောင် ။ နင် ငါ့ကို တကယ်ချစ်ရင် ပြန်လာပါလား မောင်ရယ်။

*****

"တောက်" တစ်ချက် ခတ်လျက် မကျေမနပ် မျက်နှာရဲနေသော ချာတိတ်ကိုကြည့်ကာ "လင်းလွန်းနေရောင်" က အံ့အားသင့်မိ၏။

သည် ချာတိတ် ဘယ်လို ဖြစ်နေတာလဲ။ ခါတိုင်းဆို ပြုံးပြုံးရွှင်ရွှင် သီချင်းတအေးအေး၊ လေကလေးတချွန်ချွန်နှင့် ကြည်ကြည်သာသာ။

သည် နေ့ ဘာပြဿနာတက်လာသလဲ မသိ။ ခက်ထန် မာဆတ်နေ၏။ ဆိုင်မှာ က ချာတိတ် ငါးယောက်ရှိသည် ။ သင်တန်းသားက သုံးယောက်ရှိသည် ။

ချာတိတ်ရှစ်ယောက်ဆိုတော့ ဇာတ်လမ်းက အမျိုးမျိုးပါပဲ။ ချာတိတ်တစ်ယောက်မှာ ဇာတ်လမ်းသုံးခုပဲထား။ ဇာတ်လမ်းပေါင်းများ စွာ ဆိုင်ထဲမှာ ရှိနေသည် ။

"မင်းဘာဖြစ်နေတာလဲ ငါ့ညီ ကပ်စတမ်မာတွေရှေ့မှာ တောက်တခေါက်ခေါက် မလုပ်နဲ့ လေ"

"တင်းနေတာဗျ၊ ပေါက်ကွဲတော့မယ်"

"ဟင်"

သည် ချာတိတ်က ချာတိတ်ရှစ်ယောက်မှာ အချောဆုံး။ ဝက်(စ်)လိုက်အဖွဲ့ ( )ထဲက အချောဆုံးကောင်လေးနှင့် အင်မတန်ဆင်တာ။ နှုတ်ခမ်းလေးရဲပြီး မျက်လုံးက စူးရှတောက်ပသည် ။ အပြုံးက ချိုမြမြနှင့် ဆွဲဆောင်မှု အပြည့်။

"ဘာတွေ တင်းနေတာလဲကွာ၊ လျှော့...လျှော့"

"လျှော့လို့ မရလို့ ပေါ့ ကိုကြီးရာ"

ဆိုင်က ကောင်လေးတွေက လင်းလွန်းကို ကိုကြီးဟု တရင်းတနှီး ခေါ်တတ်ကြပါသည် ။

"ကိုကြီး ညီလေးတို့ အပေါ် ကောင်းတာ၊ စေတနာက PH 7 လောက်ကို သန့်စင်တာ သိထားလို့ ..."

"ဟေ...မင်းက ငါ့ကိုပေါက်ကွဲချင်တာလား"

သူ တအံ့တသြ ပြန်မေးမိ၏။

"ကျွန်တော် သေသင့်ပါတယ်ဗျာ"

ဆံပင်ညှပ်နေသော လူရွယ်ပင် ပြုံးသွား၏။

"ဖုန်းတွေ တချိန်လုံး ဆက်နေတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိတာဗျ၊ တကယ်တမ်းကျတော့ အဲဒီကောင်မလေးက ကိုကြီးကို စိတ်ဝင်စားသတဲ့ "

"ဟေ...ဟုတ်လား"

သည် လိုဆိုတော့လည်း ဝက်(စက်)လိုက်ကောင်လေးရဲ့ မုန်တိုင်းက သူ့ကြောင့် ထန်နေရတာပါလား။ သူ့အပြစ်မကင်းသလို ဖြစ်ရပြီ။

"မင်း မပြောလိုက်ဖူးလား ငါ့ညီရာ...ဒီလူကြီးက အဘိုးကြီးပါလို့ ရင်လည်း မခုန်တတ်တော့ဘူးလို့ "

လင်းလွန်းစကားကို ချာတိတ်တွေ သဘောကျပြီး ဝိုင်းရယ်သည် ။ ဆံပင်ညှပ်နေသူ၊ ခေါင်းလျှော်နေသူ၊ ပါးမြိုင်းမွေးပုံသွင်းသူ၊ ဆံပင်ဆိုးနေသူ... ဆိုင်ကို ရောက်နေသော သူတွေ အားလုံး ပြုံးသွား၏။

"ပြောလိုက်တာပေါ့ဗျာ... ဒီထက် ပိုပိုသာသာ ပြောပစ်လိုက်တယ်၊

ကောင်မလေး မျက်နှာရှုံ့မဲ့ သွားတာပဲ"

"ဟေ...ဟုတ်လား"

"တ ဟေ ဟေ လုပ်မနေနဲ့ ကျွန်တော် ဂျေ(J)တွေရော အက်ဖ်(F) တွေရော ဝင်နေတာ၊ ဒီ တစ်နေ့လုံး နောက်နေတာပဲ"

လင်းလွန်းက ခပ်တိုးတိုးရယ်သည် ။ ချာတိတ်တွေနှင့် နေပါများ တော့ ခေတ်ပေါ်စကားဆို အစုံကြားရပါသည် ။ ဂျေဆိုတာ ဂျယ်လစီ မ နာလိုဖြစ်တာဆိုလိုတာ၊ အက်ဖ် ဆိုတာ 'ဖီလင်' ခံစားရတာကို ပြောတာ သူသည် လောက်တော့ သိပါသည် ။

"မင်းကို အဲဒီကောင်မလေးက ဘယ်လိုပြောလဲ"

"မပြောချင်ပါဘူးကွာ ကိုလင်းလွန်းမှာ ရည်းစားရှိလားတဲ့ ။ ဘာညာ ဘာညာ ရှိလားတဲ့ "

"အဲဒီတော့"

"ငါ ငတုံးမှ မဟုတ်တာ၊ ပေါက်တာပေ့ါ"

ကောင်လေးတွေက မေးပြီး ဝိုင်းရယ်ကြ၏။ ထိုအချိန်မှာ ပဲ ဆိုင်ထဲ ကို အမျိုးသမီးတစ်ယောက် ချာတိတ်ကလေး တစ်ဦးနှင့် ဝင်လာသည် ။

"ဆံပင်ညှပ်မှာ လား"

တစ်နေ့လုံး တင်းမာနေသော ချာတိတ်က မေးပါသည် ။

"နေ...နေ၊ ဒီကိစ္စကို ကိုကြီး တာဝန်ယူမယ်"

ပေါက်ကွဲမည့် အရိပ်အယောင်တွေ ရှိနေတာမို့ သည် ကောင်ကို ကပ် စတမ်မာနှင့် စကားပြောခိုင်းလို့ မဖြစ်ပါ။

"ဒီမှာ လေ မရမက ပူဆာနေတယ်၊ ဆံပင်ကို ဟိုက်လိုက်

(ပုံဖော်ဆိုးခြင်း) ဖောက်ချင်တယ်၊ နားတစ်ဖက် ဖောက်ချင်တယ်တဲ့ "

"သြော်"

"မေမေပဲ၊ သား စာမေးပွဲပြီးရင် လုပ်ဆို၊ စာမေးပွဲကို အကောင်းဆုံး ဖြေနိုင်ရင် လုပ်ပေးမယ်ဆို"

"အေးလေ၊ အခု လုပ်ပေးဖို့ လဲ ဆိုင်ထဲ ရောက်နေပြီ"

"ဒါဆို မေမေဘာလို့ ဒေါသဖြစ်နေရတာလဲ"

သား...သား ဟု ရိုးရိုးကလေး ထည့်သုံးနှုန်းကာ ပြောနေသော ချာတိတ်သည် ဆယ်တန်းစာမေးပွဲ ဖြေပြီးစပုံပါ။ မတက်သာလို့ သာ ခွင့်ပြုရမှာ ၊ အမေဖြစ်သူက သဘောတူပုံမရ။ လင်းလွန်း ဘာပြောသင့်သလဲ။

"ဒီလိုလုပ်ပါလား သား၊ ဆံပင် ဟိုက်လိုက် လုပ်ပေးလိုက်မယ်၊ နားဖောက်တာကတော့ ပြန်စဉ်းစားပါကွယ်၊ သားငယ်သေးတယ်"

ပြေရာပြေကြောင်း ပြောမိပါသည် ။

"သား သူငယ်ချင်းတွေ အကုန်လုံး နားဖောက်ပြီးပြီ"

"ဟုတ်လား"

သည် လိုအရွယ်က သူများ လုပ်တာ လိုက်လုပ်ချင်သည့် အရွယ် ထိန်းရခက်သောအရွယ်။

"လွယ်ပါတယ်ကွာ၊ သားက နားကပ်ဝတ်ချင်တာ မဟုတ်လား၊ ကပ်နားကပ် တတ်ပေါ့"

"တပ်ကြည့်ပြီးပြီ၊ နာတယ်၊ မခံနိုင်ဘူး၊ ဖောက်တာက ခဏလေးပဲ နာတာဗျ၊ ပြီးတော့ ဒီဆိုင်က စိတ်ချရတယ်၊ သန့်ရှင်းတယ် ပြောလို့ "

"ဟူး"

သူဘာဆက်ပြောရမလဲ။

"မေမေက သားကို နားပေါက် မဖောက်စေချင်သေးဘူးလေ၊ ဆံပင်ဆိုးတာက ဆိုးပေါ့"

"မေမေကတိပေးပြီးသားပဲဟာ"

လင်းလွန်းက အမျိုးသမီးကို တစ်ချက်ကြည့်ကာ မေးဆတ်မေးလိုက်၏။ ဘာဆက်လုပ်ပေးရမလဲ ဆိုသည့် သဘော။ သား မေမေလည်း တွေဝေ ငြိမ်သက်နေ၏။ ကတိကလည်း ပေးပြီးသား။

နားပေါက်သည် မဖောက်စေချင်။ သားလုပ်သူကလည်း ဇွတ်ပူဆာ။ အခက်တွေ့နေ၏။

"ကပ်နားကပ် လုံးဝ မနာတာရှိတယ်"

လင်းလွန်းနေလရောင်ကလည်း ငယ်သေးတော့ နားပေါက် မဖောက်စေချင်။ လူကြီးဖြစ်မှ ဖောက်တာကတစ်မျိုး။

"တကယ် မနားဘူးလား"

"မနာဘူး"

"ဒါဆို တစ်ရက်တက်ကြည့်မယ်"

"အေးပါကွာ၊ ငှားပေါ့မယ်"

အခုမှ ပဲ အဆင်ပြေသွားတော့သည် ။ သား၏ အမေလည်း ပြုံးသွား၏။ နားပေါက် ဖောက်ပေးလိုက်လျှင် ပိုက်ဆံရမှာ မှန်ပေမယ့် ထိုပိုက်ဆံကို လင်းလွန်းမယူချင်။ စိတ်မသန့်။

"ကိုကြီး"

"ဟေ"

"ကိုကြီး မိန်းမယူတော့မယ်ဆို"

ချာတိတ်တစ်ယောက်က လင်းလွန်းကို မေးလာသည် ။

"အေး"

သူ ခပ်တည်တည် ခေါင်းညိတ်လိုက်၏။ ဘယ်ကစပြီး ဘယ်သူဖွလိုက်တာလည်း မသိ။ လေးငါးရက်အတွင်း သူ့ကို မင်္ဂလာဆောင်တော့မှာလားဟု မေးကြတာ ထပ်နေပြီ။

ထွန်းထွန်း၏ လက်ချက်ပဲ ဖြစ်မလား။

"အစကတော့ အစ်ကိုကြီးပဲ အေးအေးနေမယ်ဆို အပူမရှာချင်ဘူးဆိုခုတော့ ဘယ်လိုဖြစ်သွားတာလဲ"

"တစ်ယောက်တည်း နေရတာပျင်းလို့ "

"ပြောင်းလဲသွားပြီပေ့ါ"

"ဟုတ်တယ်၊ လာမယ့် စက်တင်ဘာ သုံးဆယ့်တစ်ရက်နေ့ အဲဒီနေ့ဆီဒိုးနာမှာ ဒိတ်ယူထားပြီ"

"ဟာ တကယ်လား"

လင်းလွန်းလည်း မထူးတော့ပြီမို့ အတည်ပေါက်နှင့် နောက်လိုက်၏ ။

စက်တင်ဘာလက ရက်သုံးဆယ်ပဲ ရှိတာ။ ဘယ်မှာ သုံးဆယ့်တစ်ရှိလို့ လဲ။

ဒါကို ချာတိတ်တွေက ချက်ချင်းမသိ။ လင်းလွန်းမိန်းမယူတော့မှာ ပဲဟု စိတ်ဝင်စားကာ သူပြောသော နေ့စွဲကို အမှတ်တမဲ့ သတိမထားမိကြ

ပါ။

ဝက်ဘာရယ်...

ကိုယ့်ကို မင်းက မျက်စိလည်လမ်းမှားအောင် အချစ်မြို့မှာ ထားခဲ့တဲ့ သူပါ။ နောက်တစ်ကြိမ် ကိုယ်မချစ်ဝံ့ပါဘူး။ အချစ်ကို ယောကျ်ားတန်မဲ့ ကိုယ်ကြောက်မိပါတယ် တကယ်ပါ။

"ဦးဦး"

"ဟေ"

ဆံပင်ကို ဟိုက်လိုက် ဆိုးနေသော ချာတိတ်ကလေးက သူ့ကိုခေါ်လိုက်တာပါ။

"စက်တင်ဘာလက သုံးဆယ့်တစ်ရက်မှ မရှိတာ ရက်သုံးဆယ်ပဲ ရှိတာ"

လင်းလွန်းတားလိုက်ပေမယ့် အချိန်မမီ အားလုံးကြားသွားခဲ့ပါပြီ။ လင်းလွန်းကို မကျေနပ်ကြတော့။

"ကျွန်တော်တို့ ကို အရူးလုပ်တာပေါ့"

"အေးလေ...စက်တင်ဘာ (၃၁)ဆိုတာ မရှိတဲ့ ရက်စွဲကြီးပါကွာ"

"ဟား ဟား ဟား ငါတို့ အညာမိပြီ"

"မင်းက အညာခံရတာရယ်စရာလား"

"လူကြီးရှက်တော့ ရယ်တယ်တဲ့ မကြားဖူးဘူးလား"

"ဒါဆို ရှက်လို့ ရယ်တာပေါ့"

"အေးလေ ကလေးတောင်သိတယ်"

ဆံပင်ဆိုးနေသော ချာတိတ်လေးက...

"ရက်သုံးဆယ်မှာ စက်တင်ဘာ

ဧပြီ ဇွန်နဲ့ နိုဝင်ဘာ

ကျန်သောလမှာ သုံးဆယ့်တစ်

ဖေဖော်ဝါရီ နှစ်ဆယ့်ရှစ်

ရက်ထပ် နှစ်မှာ တစ်ရက်တိုး

ဖေဖော်ဝါရီ နှစ်ဆယ့်ကိုး လေ...အဲဒါ မသင်ခဲ့ဖူးလား၊ သားစဉ်းစားနေတာဗျ၊ စက်တင်ဘာက ဘယ်လိုလုပ်ပြီး သုံးဆယ့်တစ်ရက် ဖြစ်သွားတာလဲလို့ "

ချာတိတ်ကလေးက ငယ်ပေမယ့် ထက်မြက်ပါးနပ်သည် ။ လင်းလွန်းက ကျေနပ်စွာ ပြုံးနေမိ၏။ မင်း မရှိတော့တဲ့ ဘဝမှာ ကိုယ် လက်ထပ်ဖြစ်ခဲ့ရင် စက်တင်ဘာသုံးဆယ့်တစ်လို မရှိတဲ့ ရက်စွဲတစ်ခုပဲ ဖြစ်မှာ ပါ။

နှလုံးသားထဲကို စူးတစ်ချောင်း စိုက်ဝင်နာကျင်နေပေမယ့် အဲဒီစူးနဲ့ပဲ ကိုယ်နေသားကျနေပါပြီ။ ဆွဲနုတ်ပစ်ဖို့ ကိုယ်မကြိုးစားတော့ဖူး။

"မောင်"ဆိုတဲ့ မင်းခေါ်သံဆိတ်သုဉ်းပြီးချိန်မှာ ကိုယ့်ဘဝမှာ အချစ်မရှိတော့ပါဘူး ဝက်ဘာရယ်။ အဲဒါတွေ မင်းမသိခဲ့ပါဘူး။

*****